**ISP** Stakeholder Tracker 2026

ST2026-03 | April 23, 2026

# လွှတ်တော်ကော်မတီအများစု၌ စစ်ခေါင်းဆောင်၏ လူယုံများ နေရာယူထား

လွှတ်တော်ကော်မတီများသည် အုပ်စိုးသူများ၏ လုပ်ပိုင်ခွင့်နှင့် အာဏာကို ထိန်းကျောင်းရာ၌ အရေးပါသည်။ ထိုကော်မတီများရှိ ဥက္ကဋ္ဌနေရာတွင် လူယုံများကို နေရာပေးထားခြင်းဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်အပေါ် လွှတ်တော်၏ ထိန်းကျောင်းနိုင်စွမ်းကို စစ်ခေါင်းဆောင်က သွယ်ဝိုက်ကန့်သတ်ထားမည့်သဘော ဆောင်ပါသည်။

# လွှတ်တော်ကော်မတီအများစု၌ စစ်ခေါင်းဆောင်၏ လူယုံများ နေရာယူထား

| | |
|---|---|
| ကာလ (Period) | ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်ကနေ ဧပြီ ၂၃ ရက်အထိ။ |
| သက်ဆိုင်သူများ (Stakeholders) | လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ။ |
| ဖြစ်စဉ်အကျဉ်း (Issues/activity) | စစ်ကော်မရှင်ကပြုလုပ်ခဲ့သော ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာသည့် လွှတ်တော်နှစ်ရပ်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် ရေးရာကော်မတီ ၁၁ ခုကို ဖွဲ့စည်းခဲ့သည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် ရေးရာကော်မတီ လေးခုစီနှင့် ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီ သုံးခု ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီများကို ဦးဆောင်မည့် ဥက္ကဋ္ဌ ၁၁ နေရာအနက် ခုနစ်နေရာကို စစ်ခေါင်းဆောင်ဟောင်း သမ္မတဦးမင်းအောင်လှိုင်၏ လူယုံများက နေရာယူထားသည်။ |
| အခြေအနေ ဦးတည်ချက် (Status/trends) | ဦးမင်းအောင်လှိုင်သည် ၎င်း၏အာဏာစက်ခိုင်မာစေရန် အုပ်စိုးမှုစနစ်၏ အဓိက ထောက်တိုင်လေးခုဖြစ်သော တပ်မတော်၊ အစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ပြည်ခိုင်ဖြိုး)တို့ကို ပိုင်ပိုင်နိုင်နိုင် လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ပြင်ဆင်နေသည် [ISP Outlook အမှတ်-၁ ၊ **‘နေပြည်တော်လိုဂျီ ဆန်းစစ်မြင်ကွင်း၊ အုပ်စိုးမှုစနစ် ဣရိယာပုတ်အပြောင်းအလဲနှင့် စောင့်ကြည့်ရမည့် ဟန်ချက်လေးရပ်’ ကိုရှုပါ]**။ လွှတ်တော်ရေးရာကော်မတီများကို ဦးဆောင်မည့် ဥက္ကဋ္ဌနေရာ အများစုတွင် ဦးမင်းအောင်လှိုင်၏ လူယုံများ နေရာရလာခြင်းက လွှတ်တော်ကို ထိန်းချုပ်ထားနိုင်ရန် ပြင်ဆင်နေကြောင်း ပေါ်လွင်စေသည့် အထောက်အထားတရပ် ဖြစ်ခဲ့သည်။ အထူးသဖြင့် ပြည်သူ့ငွေစာရင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီကဲ့သို့ အရေးပါသည့်ကော်မတီများကို ဦးမင်းအောင်လှိုင်၏ လူယုံများကသာ ဦးဆောင်ကြမည်ဖြစ်သည်။ |
| သက်ရောက်နိုင်ခြေ (Implications) | လွှတ်တော်ကော်မတီများသည် အုပ်ချုပ်ရေးမဏ္ဍိုင်၏ လုပ်ပိုင်ခွင့်နှင့် အာဏာကို ထိန်းကျောင်းမည့် လွှတ်တော်လုပ်ငန်းစဉ်များထဲတွင် အရေးပါသော အစိတ်အပိုင်းများဖြစ်သည်။ အဆိုပါ လွှတ်တော်ကော်မတီများကို ဦးဆောင်မည့် ဥက္ကဋ္ဌနေရာများတွင် ၎င်း၏လူယုံများကို ထားခြင်းအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်အပေါ် လွှတ်တော်၏ ထိန်းကျောင်းနိုင်စွမ်းကို ကြိုတင်ကန့်သတ်လိုက်မည့်သဘော ဆောင်ပါသည်။ ISP-Myanmar က အကဲဖြတ်ထားသည့်အတိုင်း ဦးမင်းအောင်လှိုင်သည် အုပ်စိုးမှုစနစ်၏ ထောက်တိုင်လေးခုစလုံးကို ထိန်းချုပ်ပြီး ပုဂ္ဂိုလ်ရေးအာဏာရှင်စနစ်ပုံစံ (a personalist regime or sultanistic regime type) အုပ်ချုပ်မည့်သွင်ပြင်မှာ ပို၍ပေါ်လွင်လာနိုင်သည်။ |

# ရေးရာကော်မတီ ၁၁ ခုအနက် ခုနစ်ခုကို စစ်ခေါင်းဆောင်၏ လူယုံများက ဦးဆောင်

ဖွဲ့စည်းထားပြီးသော လွှတ်တော်ရေးရာကော်မတီ ၁၁ ခုအနက် ခုနစ်ခုကို စစ်ခေါင်းဆောင်၏ လူယုံ စစ်သားဟောင်းများက ဦးဆောင်ထားသည်။ ပြည်ခိုင်ဖြိုးပါတီက အရပ်သားများ ဦးဆောင်သော ကော်မတီလေးခုသာရှိပြီး နှစ်ခုကိုသာ ပြည်ခိုင်ဖြိုး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ဦးဆောင်ခွင့်ရသည်။

| | စစ်ခေါင်းဆောင်၏ ဩဇာခံလူယုံများ | | ပြည်ခိုင်ဖြိုးပါတီလူဟောင်းများ |
|---|---|---|---|
| ပြည်ထောင်စုလွှတ်တော် | Jeng Phang နော်တောင်<br>(အငြိမ်းစားဗိုလ်မှူး၊ OTC-5)<br>ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ |  |  | 
| | | | ဒေါက်တာကျော်ကျော်ငွေး<br>လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီဥက္ကဋ္ဌ |
| ပြည်ထောင်စုလွှတ်တော် | Jeng Phang နော်တောင်<br>(အငြိမ်းစားဗိုလ်မှူး၊ OTC-5)<br>ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ |  | |
| အမျိုးသားလွှတ်တော် | Jeng Phang နော်တောင်<br>(အငြိမ်းစားဗိုလ်မှူး၊ OTC-5)<br>လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ |  |  ဦးလှသိန်း<br>အစိုးရ၏အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ |
| အမျိုးသားလွှတ်တော် | ဦးချစ်ဆွေ<br>(အငြိမ်းစားဗိုလ်မှူးချုပ်)<br>ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ |  |  ဒေါ်နွယ်နွယ်ဦး<br>ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ |
| ပြည်သူ့လွှတ်တော် | ဦးမောင်မောင်အုန်း<br>(အငြိမ်းစားဗိုလ်ချုပ်၊ DSA-22)<br>လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ |  | |
| ပြည်သူ့လွှတ်တော် | ဦးတေဇကျော်<br>(အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး၊ OTS-73)<br>ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ |  |  ဒေါက်တာနန္ဒကျော်စွာ<br>ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ |
| ပြည်သူ့လွှတ်တော် | ဦးသန်းထွန်းဦး<br>(အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး၊ DSA-24)<br>အစိုးရ၏အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ |  | |

● စစ်သားဟောင်းများ ● ပြည်ခိုင်ဖြိုး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ● ပြည်ခိုင်ဖြိုးပါတီဝင်များ

**ဒေတာအချက်အလက် -၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။